# ကျွန်ုပ်တို့သည် ဘုရားသခင်ကို နားလည်နိုင်ပါမည်လား?



အေးစိမ့်မှုန်ဝေသောနေ့တစ်နေ့တွင် ခရစ်ယာန်တစ်ဦးသည် လမ်းမအတိုင်း လမ်းလျှောက်လာခဲ့ရာ မြေပြင်ပေါ်၌ ဂျုံစေ့တစ်ချို့ကို သတိပြုမိပါသည်။ ဆာလောင်နေသော စာကလေးအုပ်သည် မပြင်ဆင်ထားသော စားသောက်ပွဲကို စားသောက်နေကြပါသည်။ ထိုလူက ငှက်ကလေးများဆီသို့ ခြေလှမ်းတစ်လှမ်းတိုးကြည့်လိုက်သည့်အခါ ၎င်းတို့သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရပါသည်။ နောက်ထပ်ခြေတစ်လှမ်း လှမ်းလိုက်သည့်အခါ ၎င်းတို့၏ စိုးရိမ်ကြောက်ရွံ့စိတ်သည် ပို၍ များလာပါသည်။ ထိုသူသည် ၎င်းတို့ထံသို့ ရောက်ရှိသွားသောအခါ ၎င်းတို့သည် ရုတ်တရက် ထပျံသွားလေတော့သည်။

ထိုလူသည် အချိန်အနည်းငယ်မျှရပ်လျှက် ဘာဖြစ်ပျက်ခဲ့သည်ကို အလေးအနက် စဉ်းစားခဲ့ပါသည်။ အဘယ်ကြောင့် ထိုစာကလေးများသည် အုပ်စုဖွဲ့ပြီး ပျံသွားကြပါသနည်း။ သူသည် ၎င်းတို့အား အန္တရာယ်ပြုရန် မရည်ရွယ်ခဲ့ပါ။ သို့သော် နောက်ပိုင်းတွင် သူသဘောပေါက်ခဲ့သည်မှာ သူသည် ကြီးလွန်းနေသောကြောင့် ဖြစ်ပါသည်။

နောက်ထပ်မေးခွန်းတစ်ခု စိတ်ထဲဝင်ရောက်လာခဲ့ရာမှာ သူ၏ အရွယ်ပမာဏအားဖြင့် ထိုငှက်များအကြားတွင် ယင်းတို့ ကြောက်လန့်မှု မဖြစ်စေဘဲ မည်ကဲ့သို့ လမ်းလျှောက်၍ သွားနိုင်မည်နည်း။ သူ့အတွက် တစ်ခုတည်းသော ဖြစ်နိုင်ချေမှာ သူသည် စာငှက်ကလေးဖြစ်လာပြီး ၎င်းတို့ အထဲသို့ ပျံသန်းဆင်းသက်ခြင်းပင်ဖြစ်သည်။

ဝိညာဉ်ရေးရာ၌ အလားတူ နှိုင်းယှဉ်ချက်မှာ ရှင်းလင်းပါသည်။

ဓမ္မဟောင်းကာလများတွင် ဘုရားသခင်သည် နည်းအမျိုးမျိုးဖြင့် လူအများကို ဖော်ပြပါသည်။ အာဗြဟံအား ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန်တော်မှတဆင့်၊ မောရှေအား မီးလောင်နေသော ချုံပုတ်ထဲမှနေ၍ ဖော်ပြပါသည်။

၎င်းတို့သည် ကြောက်ရွံ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အံ့သြဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ ကောင်းမှုကြောင့် ဖြစ်ပါသည်။ သို့သော် ရာစုနှစ်များစွာ ကြာခဲ့ပြီးနောက် ဘုရားသခင်၏ ကောင်းကင်တမန်သည် ပေါ်လာပြီး သိုးထိန်းတို့အား ကြွေးကြော်သည်မှာ "ယနေ့တွင် ဒါဝိဒ်မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်ရှင်သည် သင်တို့အဖို့အလို့ငှာ ဖွားမြင်ခြင်းကို ခံတော်မူပြီ။ (လု ၂း၁၁)"

ဟုတ်ပါ၏ ဘုရားသခင်သည် လူသားဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူ၏ အနီးသို့ ချဉ်းကပ်ရန် ကြောက်စရာမလိုတော့ပါ။

- Paul R. Van Gorder

◆◆◆

အရာခပ်သိမ်းကိုသိပြီး ဘုရားသခင်ကိုမသိသောသူက စိတ်မချမ်းမသာဖြစ်နေသူတစ်ဦးဖြစ်ပြီး ဘာမျှမသိသော်လည်း ဘုရားသခင်ကို သိသောသူက ပျော်ရွှင်နေသောသူဖြစ်ပါသည်။

- Saint Augustine

ကျွန်ုပ်တို့သည် လျှပ်စစ်စွမ်းအားကို အမှန်တကယ် နားမလည်၊ (သို့မဟုတ်) မည်သည့်အရပ်ကလာသည် (သို့မဟုတ်) မည်သို့ရရှိသည်ကို မသိသော်လည်း ကျွန်ုပ်တို့အားလုံး၏ နေ့စဉ်အသက်တာများတွင် လျှပ်စစ်စွမ်းအားကို အသုံးပြုနေကြပါသည်။ ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်မျှ လျှပ်စစ်ဓါတ်အားကို မမြင်ရသော်လည်း ယင်းသည် အကျိုးသက်ရောက်မှုရှိသည်မှာတော့ သေချာပါသည်။ထိုနည်းအတိုင်းပင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို အပြည့်အဝ နားလည်ခြင်းမရှိ (သို့မဟုတ်) ဘုရားသခင် ဘယ်ကလာသည်ကို မသိရှိသော်လည်း ဘုရားသခင် တည်ရှိနေတော်မူ ခြင်းကို လက်ခံရပါမည်။ သူသည် တည်ရှိပြီး ဤနေရာ၌ ရှိသည်။ အမြဲတည်ရှိသည်။ အလုံးစုံကိုသိပြီး တန်ခိုးအနန္တနှင့် ပြည့်စုံသည် ဆိုခြင်းကို ကျွန်ုပ်တို့ ရိုးရိုးလေး သိပါသည်။

လျှပ်စစ်ဓါတ်အားအကြောင်း ကျွန်ုပ်တို့အများစု သိထားသည်မှာ ယင်းသည် အမှန်တကယ် အလုပ်ဖြစ်သည် ဟူ၍ပင် ဖြစ်သည်။ ကျွန်ုပ်တို့သည် မီးခလုတ်ကိုဖွင့်ပြီး မမြင်ရသည့် စွမ်းအားနှင့် ဆက်သွယ်မှု ပြုလုပ်ပြီး ယင်းစွမ်းအား က ကျွန်ုပ်တို့အတွက် အလုပ်လုပ်ပေးပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်နှင့် ပုဂ္ဂိုလ်ရေးရာ ဆက်သွယ်မှုပြုရန် သင်ယူကြရမည်ဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်မှ နည်းဥပဒေများကို နာခံခြင်းအားဖြင့် သူ၏ ဝိညာဉ်တော်နှင့် ဆက်သွယ်မှုရရန် ရှာဖွေရပါမည်။ ကျွန်ုပ်တို့သည် လျှပ်စစ်စွမ်းအားကို ရယူသကဲ့သို့ ကျွန်ုပ်တို့ဖာသာ ကျွန်ုပ်တို့ ဘုရားသခင်ကို ရယူတတ်ရမည်ဖြစ်ပါသည်။ သူ၏ အလင်းရောင်နှင့် စွမ်းအား ကို ကျွန်ုပ်တို့ ဘဝအသက်တာ၏ အခန်းများတွင် ဝင်ရောက်စေပြီး ကျွန်ုပ်တို့ အသက်ရှင်ခြင်းတွင် အလင်းစွမ်းအားနှင့် ပျော်ရွှင်ခြင်းကို ပေးသနားရန် သူ့အား ဆောင်ရွက်စေခြင်းဖြင့် ကျွန်ုပ်တို့ ကိုယ့်ဖာသာကိုယ်မတတ်နိုင်သည့် ကိစ္စအများအပြားကို ဆောင်ရွက်နိုင်ပါသည်။

သင်၏ ယုံကြည်ခြင်းလက်ကို ဆန့်လိုက်ပြီး သင်၏ ဘဝတွင်းသို့ ထိုတန်ခိုးစွမ်းအား စီးဆင်းစေရန် ဆက်သွယ်ပြီးအစပြုလုပ်ပေးနိုင်မည့် ဆုံးဖြတ်ချက်ခလုတ်ကိုနှိပ်လိုက်ပါ။ အဖြေအားလုံးကို သင်ကိုယ်တိုင်ကိုယ်ကျသိရန်မလိုပါ။ ခလုတ်ကို နှိပ်လိုက်ရုံမျှဖြင့် အလုပ်ဖြစ်သွားပါမည်။

David Brandt Berg

**ကျွန်ုပ်တို့ နှလုံးသားများထက် ကြီးမြတ်သည်**

**Greater than our hearts**

သင်သတိရချင်မှရမည်
ဒါပေမယ့် သူသင့်အတွက် အသေခံခဲ့သည်။
သင်ဒါကိုယုံချင်မှယုံမည်။
ဒါပေမယ့် သူဂရုစိုက်နေပါသည်။
သင့်ကိုသင်အရေးကြီးသူတစ်ယောက်ဖြစ်မှန်း
သင်စဉ်းစားမိချင်မှစဉ်းစားမိမည်။
ဒါပေမယ့်သူ့အတွက်သင်ကအရေးကြီးပါသည်
သင်ဒါကိုလက်ခံချင်မှလက်ခံမည်။
ဒါပေမယ့်သူကသင့်ကိုအပြစ်လွှတ်ခဲ့သည်။
သူ့ကိုသင်ခံစားမိချင်မှခံစားမိမည်။
ဒါပေမယ့်သူဟာသင်နဲ့အတူရှိသည်။
သင့်ကိုသင် အပြစ်တင် ဝေဖန်ကောင်း ဝေဖန်
နေပါလိမ့်မည်
ဒါပေမယ့် သင့်ကိုချစ်ရန် သူက
ရွေးချယ်ပြီးဖြစ်သည်။
သူက ကျွန်ုပ်တို့ကို ခြားနားစွာ မြင်ပါသည်။
သူက ကျွန်ုပ်တို့ နှလုံးသားများထက်များစွာ
ပိုပြီးမြင့်မြတ်ပါတယ်။

- Ulrich Schaffer